Message Two

## ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်

ဖတ်ရန်ကျမ်း။ ။ ယော၊၁၄း၁၀-၁၁၊ ၁၆-၂၀။ ၁ကော၊၁၅း၄၅ခ။ ၂ကော၊၃း၁၇-၁၈။ ၁၃း၁၄။ ဂလ၊၃း၁၄

**I. သခင်ဘုရားပြန်လည်ရယူခြင်းရှိ သန့်ရှင်းသူများအားလုံးသည် ရုပ်ပိုင်းဆိုင်ရာနယ်ပယ်နှင့် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းသောအမြင်၊ ရူပါရုံ ရှိရန် လိုအပ်သည် - သု၊၂၉း၁၈က။ တ၊၂၆း၁၉။**

A. ကျွန်ုပ်တို့သည် ရှင်းလင်းပြတ်သားသော ခြားနားမှုနှင့်အတူ ခွဲမှတ်နေခြင်းအားဖြင့် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်ကို သိမှတ်တန်ဖိုးထားရန် လိုအပ်သည်။ မြေကြီးဆိုင်ရာနှင့်ဆန့်ကျင်ဘက်မှာ ကောင်းကင်ဆိုင်ရာ၊ တရားရေးဆိုင်ရာနှင့် ဆန့်ကျင်ဘက်မှာ အသက်ဆိုင်ရာ၊ အပြင်ပိုင်းကျခြင်းနှင့် ဆန့်ကျင်ဘက်မှာ အတွင်းပိုင်းကျခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဆန့်ကျင်ဘက်မှာ နက်နဲခြင်းဆိုင်ရာ ဖြစ်သည် - ရော၊၅း၁၀။ ဟေဗြဲ၊၈း၁။

B. ကျွန်ုပ်တို့သည် ယခုကျွန်ုပ်တို့ရှိနေသည့် နယ်ပယ်ထက် ပို၍မြင့်မားလှသည့် နယ်ပယ်၊ အဝန်းအဝိုင်း၊ နိုင်ငံတော် အထဲသို့ ဝင်ရောက်ရန် လိုအပ်သည်။ ဤပို၍မြင့်မားသော နယ်ပယ်မှာ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်အထဲသို့ ဤနယ်ပယ်ကို မြင်ခြင်းအားဖြင့် ဝင်ရောက်ကြသည်၊ ဝိညာဉ်ရေးရာအရာများ၌ မြင်ခြင်းမှာ ဝင်ရောက်ခြင်းပင် ဖြစ်သည် - ယော၊၃း၃၊ ၅။

**II. သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ် ဖြစ်သည် - ၁၄း၁၀-၁၁။**

A. သုံးပါးတစ်ပါးဘုရား - ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ သုံးပါး - သည် မိမိကိုယ်ကိုတည်ရှိနေခြင်း၊ အမြဲတည်ရှိနေခြင်း၊ အတူတကွတည်ရှိနေခြင်း၊ အပြန်အလှန်တည်ရှိနေခြင်း ဖြစ်ပြီး၊ ထိုသို့အနေဖြင့် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ သုံးပါးမှာ အချင်းချင်း ကိန်းဝပ်နေခြင်းဖြင့် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်ပင် ဖြစ်သည် - မ၊၂၈း၁၉။ ၂ကော၊၁၃း၁၄။

B. ယောဟန် ၁၄း၁၀ နှင့် ၁၁ အရ သားတော်သည် ခမည်းတော်၌ရှိကာ၊ ခမည်းတော်သည် သားတော်၌ ရှိသည်။ ဤသည်မှာ ခမည်းတော်သည် သားတော်၌ ကိုယ်ထင်ရှားကာ၊ သားတော်သည် ခမည်းတော်၏ ကိုယ်ထင်ရှားခြင်းဖြစ်ပြီး၊ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်၊ သုံးပါးတစ်ပါးဘုရား၏နယ်ပယ်ကို ဖြစ်ပေါ်စေကြောင်း ညွှန်ပြနေသည်။

**III. ယနေ့ ကျွန်ုပ်တို့ အထဲသို့ဝင်ရောက်ခြင်းနှင့် ကျွန်ုပ်တို့အသက်ရှင်ခြင်းရှိသည့် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်သည် အမှန်တွင် သုံးပါးတစ်ပါးဘုရား၏ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်မျှသာ မဟုတ်ပါ။ ၎င်းသည် ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်နှင့် ချူမက်တစ်ခရစ်တော်၏ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ် ဖြစ်သည် - ဖိ၊၁း၁၉။ ရော၊၈း၉။ ၂ကော၊၃း၁၇-၁၈။ ဂလ၊၃း၁၄။**

A. သမ္မာကျမ်းစာက ဝိညာဉ်တော်သည် ပြီးမြောက်ပြည့်စုံသော၊ အရာအားလုံးပါဝင်သော၊ ပေါင်းစပ်ထားသောဝိညာဉ်တော် ဖြစ်လာခဲ့ကြောင်း ဖွင့်ပြထားသည် - ယော၊၇း၃၉။ ၁၄း၁၆-၁၇။ ၂၀း၂၂။ ရော၊၈း၉။ ဖိ၊၁း၁၉။

1. *ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်* ဟူသောဝေါဟာရမှာ ဝိညာဉ်တော်သည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့ပြီးဖြစ်၍၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း ညွှန်ပြနေသည် - ယော၊၇း၃၉။

2. ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်သည် ဘိသိက်ဆီအားဖြင့် ပုံဆောင်ထားသည့် ပေါင်းစပ်ထားသော ဝိညာဉ်တော် ဖြစ်သည် - ထွ၊၃၀း၂၃-၂၅။

   a. ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်၏ဝိညာဉ်တော်သည် ခရစ်တော်၏လူသားဇာတိဖြင့်၊ ကိုယ်တော်အသေခံခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုဖြင့်၊ ကိုယ်တော်ရှင်ပြန်ထမြောက်ခြင်းနှင့် ၎င်း၏တန်ခိုးတော်ဖြင့် ရောနှောပေါင်းစပ်ထားခဲ့သည် - ဖိ၊၃း၁၀။

b. ဤရောနောပေါင်းစည်းခြင်း၏ ရလဒ်မှာ ပေါင်းစပ်ထားသော၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်ဖြစ်သည် - ၁း၁၉။

3. ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်သည် လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်တို့ကို ဖြတ်ကျော်ခဲ့သော ခရစ်တော်၌ရှိသည့် သုံးပါးတစ်ပါးဘုရား ဖြစ်သည် - ယော၊ ၇း၃၉။

B. သမ္မာကျမ်းစာက ခရစ်တော်သည် နျူမက်တစ်ခရစ်တော်ဖြစ်လာခဲ့ကြောင်း ဖွင့်ပြထားသည် - ၁ကော၊၁၅း၄၅ခ။

1. ကိုယ်တော်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကာ၊ ထိုသို့ဖြင့် နျူမက်တစ်ခရစ်တော် ဖြစ်လာခဲ့သည် - အငယ်၊၄၅ခ။ ၂ကော၊၃း၁၇-၁၈။

2. သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၊ ဤနျူမက်တစ်ခရစ်တော်၏ နယ်ပယ်ဖြစ်သည်ဟု ပြောနိုင်သည် - ယော၊၇း၃၉။ ဂလ၊၃း၁၄။ ၁ကော၊၁၅း၄၅ခ။

## IV. ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် အမှန်မှာ ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်နှင့် နျူမက်တစ်ခရစ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၏ အစိတ်အပိုင်းဖြစ်လာသည် - ယော၊၁၄း၁၆-၂၀။ ၁၇း၂၁-၂၃။

A. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်၏ အစိတ်အပိုင်းဖြစ်လာခြင်းမှာ ဘုရားဆိုင်ရာမွေးဖွားခြင်းမှတစ်ဆင့်ဖြစ်သည်။ အသစ်မွေးဖွားခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်အထဲသို့ မွေးဖွားလာခဲ့ကြသည် - ၃း၅-၆။

B. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၏ အစိတ်အပိုင်းဖြစ်လာခြင်းမှာ ဘုရားသခင်၏အသက် (အငယ်၊၁၅)၊ သဘောသဘာဝ (၂ပေ၊၁း၄)၊ အသိဉာဏ် (ဧ၊၄း၂၃။ ဖိ၊၂း၅)၊ ဖြစ်ခြင်း (၂ကော၊၃း၁၈ခ။ ဧ၊၃း၈)၊ ပုံသဏ္ဌာန်တော် (၂ကော၊၃း၁၈က။ ရော၊၈း၂၉)၊ ဘုန်းတော် (အငယ်၊၃၀။ ဟေဗြဲ၊၂း၁၀)၊ သားအရာ (ဧ၊၁း၅။ ရော၊၈း၂၃)၊ ထင်ရှားပေါ်ထွန်းခြင်း (အငယ်၊၁၉)၊ တညီတည်းဖြစ်ခြင်း (၁ယော၊၃း၂) အားဖြင့်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်၏ အစိတ်အပိုင်းဖြစ်လာခြင်းမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခံခြင်းအားဖြင့် ဖြစ်သည် - ဧ၊၄း၁၆။

1. ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ ရှိလေလေ၊ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့ရှိလေလေဖြစ်သည် - ရော၊၁၂း၄-၅။ ၁ကော၊၁၂း၁၂-၁၃၊ ၂၇။ ဧ၊၁း၂၂-၂၃။ ၄း၁၆။

2. ယုံကြည်သူများသည် ခရစ်တော်၏ နက်နဲခြင်းဆိုင်ရာကိုယ်ခန္ဓာတော် ဖြစ်ရန် တစ်ခုတည်းသောထုံးဖွဲ့မှုအထဲသို့ ပေါင်းစည်းထားခြင်း ခံရသည် - ၁ကော၊၁၂း၂၄၊ ၂၇။

## V. ခရစ်တော်၌ ယုံကြည်သူများ၊ ဘုရားသခင်၏သားများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ အသက်ရှင်သင့်ပါသည် - ရော၊၈း၁၆။ ယော၊၁၄း၂-၃၊ ၂၀။ ၁ကော၊၁၅း၄၅ခ။ ဂလ၊၃း၁၄။ ၂ကော၊၃း၁၇-၁၈။

A. ကျွန်ုပ်တို့ ဝင်ရောက်ခြင်းရှိမည့်၊ ကျွန်ုပ်တို့အသက်ရှင်ရမည့် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်သည် ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်နှင့် နျူမက်တစ်ခရစ်တော်၏ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအံ့သြဖွယ်သောနယ်ပယ်၌ အသက်ရှင်ရန် သင်ယူဖို့လိုအပ်သည် - ဖိ၊၁း၁၉။ ၂ကော၊၁၃း၁၄။ ဂလ၊၃း၁၄။

B. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို တုနှိုင်းရာမဲ့သော၊ အရာအားလုံးပါဝင်သော ကောင်းချီးမင်္ဂလာအဖြစ် လက်ခံရရှိကြသည် - အငယ်၊၂၊ ၅။

C. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် တက်ကြွသော ခရစ်တော်၏ ပို့လွှတ်ဖြန့်ဖြူးခြင်းနှင့် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၏ မစထောက်ပံ့မှုကို လက်ခံရရှိကြသည် - ဧ၊၁း၂၂။ ဟေဗြဲ၊၈း၁-၂။

D. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်ဆိုင်ရာ ကယ်တင်ခြင်းကို တွေ့ကြုံခံစားကြရသည် - ရော၊၅း၁၀။

E. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမျိုးစိတ်များ၏ နယ်ပယ်အဖြစ် ဘုရားသခင်၏ နိုင်ငံတော်၌ အသက်ရှင်ကြသည် - ယော၊၃း၃၊ ၅။

F. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏ မိတ်သဟာယ၌ အသက်ရှင်ကြသည် - ၁ယော၊၁း၃၊ ၇။ တ၊၂း၄၂။

G. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် အသက်တရား၏ အလိုအလျောက်ဖြစ်သော လုပ်ဆောင်မှုအရ အလိုလိုဖြစ်သော၊ အားထုတ်စရာမလိုသော ခရစ်ယာန်အသက်တာကို အသက်ရှင်ကြသည် - ရော၊၈း၂။

H. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ဖွင့်ပြခံရသော ဘုရားဆိုင်ရာစစ်မှန်ခြင်း၏ ထင်ရှားခြင်းအဖြစ် ဟုတ်မှန်ခြင်း၏အသက်တာကို အသက်ရှင်ကြသည် - ၂ယော၊၁။ ၃ယော၊၁။ ယော၊၄း၂၃-၂၄။

I. ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်းအတွက် အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရားနှင့်အတူ ရောနှောပေါင်းစည်းခြင်း ရှိကြသည် - ၁၇း၂၁၊ ၂၃။

1. တစ်လုံးတစ်ဝဖြစ်ခြင်းအစစ်အမှန်သည် သုံးပါးတစ်ပါးဘုရား၌ ဖြစ်သည် - မ၊၂၈း၁၉။ ယော၊၁၇း၂၁၊ ၂၃။
2. စစ်မှန်သည့် တစ်လုံးတစ်ဝဖြစ်ခြင်းသည် သုံးပါးတစ်ပါးဘုရားနှင့်အတူ ယုံကြည်သူများ၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည် - ၂ကော၊၁၃း၁၄။
   a. ထိုသို့သော တစ်လုံးတစ်ဝဖြစ်ခြင်းကို ရရှိရန် ယုံကြည်သူများသည် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်အဖြစ် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်နှင့် နျူမက်တစ်ခရစ်တော်၌ ရှိရမည်ဖြစ်သည်။
   b. ယုံကြည်သူများသည် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်နှင့် နျူမက်တစ် ခရစ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ သုံးပါးတစ်ပါးဘုရားနှင့်အတူ တစ်လုံးတစ်ဝဖြစ်ကြသည်။

**VI. ယုံကြည်သူတိုင်းသည် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ အသက်ရှင်က၊ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာပုဂ္ဂိုလ်၊ လူသားဖြစ်သော်လည်း ဘုရားဆိုင်ရာအသက်ရှင်သောသူ ဖြစ်သင့်ပါသည် - ဂလ၊၂း၂၀။ ၂ကော၊၁၀း၁။ ၁၃း၁၄။**

A. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဖြစ်သော်လည်း လူသားဖြစ်သောသူ - လူသားသက်သက်မျှသာမဟုတ်ဘဲ နက်နဲခြင်းဆိုင်ရာလူသားဖြစ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့အသက်ရှင်ခြင်း၌ အရာခပ်သိမ်းသည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာဖြစ်သင့်ပါသည် - ယော၊၁၄း၁၆-၂၀။

B. ဘုရားဆိုင်ရာဖြစ်ခြင်းဟူသည်မှာ အရာခပ်သိမ်းကို ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်၌၊ ဘုရားသခင်အားဖြင့်၊ ဘုရားသခင်မှတစ်ဆင့် လုပ်ဆောင်ခြင်းကို ဆိုလိုသည် - ၁ကော၊၁၀း၃၁။ ကော၊၃း၁၇။

C. သခင်ယေရှုကဲ့သို့ပင် အပြင်ပန်းအရ ရုပ်ပိုင်းဆိုင်ရာဖြစ်သော်လည်း၊ မမြင်နိုင်သော ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာဖြစ်သောသူ၊ ရုပ်ပိုင်းဆိုင်ရာနယ်ပယ်နှင့် ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာနယ်ပယ်တို့၌ တစ်ပြိုင်နက်တည်း အသက်ရှင်သောသူ ဖြစ်သင့်ပါသည် - ယော၊၃း၁၃။ ဧ၊၄း၂၀-၂၁။ ဟေဗြဲ၊၄း၁၆။ ၁၃း၁၃။

**VII. "ထိုအခါ လယ်၌ရှိသော ယောကျာ်းနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍၊ တစ်ယောက်မူကား နေရစ်ရလတံ့။ ကြိတ်ဆုံကြိတ်သော မိန်းမနှစ်ယောက်တို့တွင် တစ်ယောက်ကို သိမ်းယူ၍၊ တစ်ယောက်မူကား နေရစ်ရလတံ့" - မ၊၂၄း၄၀-၄၁။**

A. ယောကျာ်းနှစ်ဦးနှင့် မိန်းမနှစ်ဦးသည် သခင်ဘုရား ဒုတိယအကြိမ် ကြွလာခြင်းအချိန်တွင် အသက်ရှင်နေသော ယုံကြည်သူများကို ကိုယ်စားပြုသည် - ဗျာ၊၁၄း၁၊ ၄ခ။

B. သိမ်းယူခံရခြင်းမှာ ဘေးဒဏ်ကြီးမတိုင်မီ ချီဆောင်ခံရခြင်းဖြစ်သည် - မ၊၂၄း၂၁။ ဗျာ၊၃း၁၀။

1. မဿဲ ၂၄း၄၀-၄၁ သည် လျှို့ဝှက်စွာ ချီဆောင်ခြင်း၊ အဆင်သင့်ဖြစ်သူများ၊ ရင့်ကျက်သောသူများကို ချီဆောင်ခြင်းအား ရည်ညွှန်းသည် - ဗျာ၊၁၄း၄ခ။

2. သိမ်းယူခံရသူနှင့် ကျန်ခဲ့သူအကြား ခြားနားချက်မှာ အသက်၏ ရင့်ကျက်ခြင်း၌ ဖြစ်သည်။ တစ်ဦးသည် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်၌ အသက်ရှင်၍ အခြားတစ်ဦးမှာ ထိုသို့မရှင်ပါ - မ၊၂၄း၄ဝ-၄၁။

C. မသဲ ၂၄း၄ဝ-၄၂ ရှိ သခင်ဘုရား၏စကားမှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကြွလာခြင်းအတွက် စောင့်ဆိုင်း၍ ချီဆောင်ခံရရန် မျှော်လင့်လျက်နေစဉ်၊ ကျွန်ုပ်တို့၏ နေ့စဉ် လုပ်ငန်းတာဝန်များ၌ သစ္စာရှိရမည်၊ သင့်လျော်မှန်ကန်စွာ ဘက်ညီမျှသည့် လူသားအသက်တာကို အသက်ရှင်လျက် တစ်ချိန်တည်းမှာ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်နှင့် နျူမက်တစ်ခရစ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ နယ်ပယ်၌ အသက်ရှင်ခြင်း ရှိရန် လိုအပ်ကြောင်း ပြသနေခြင်းဖြစ်သည် - ညွှန်း၊ ၂သက်၊၃း၆-၁၅။

© 2023 Living Stream Ministry